# မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ထွန်းလာနေသော ပထဝီဝင် (မြေမျက်နှာသွင်ပြင်၊ တည်နေရာ၊ နယ်နမိတ်) ဆိုင်ရာနည်းပညာရပ်များ ကျွမ်းကျင်မှုလိုအပ်ချက်များအတွက် စွမ်းဆောင်ရည်မြင့်တက်လာစေရန် တည်ဆောက်ပေးခြင်း - မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန (MIMU) ၏ စာတမ်းဖတ်ပွဲ

Published by: Open Development Myanmar

ပထဝီဝင် ဆိုင်ရာနည်းပညာရပ်များတဟုန်တိုးမြင့်မားလာခြင်းကြောင့်ကမ္ဘာ့မြေမျက်နှာသွင်ပြင်၊ အရပ် ဒေသဆိုင်ရာ (GIS) ပညာရှင်များအတွက်သာမက၊ အင်ဂျင်နီယာများ၊ မြို့ပြစီမံကိန်းရေးဆွဲသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်သူများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများနှင့် အခြားသူအများအပြား အနေဖြင့် အသစ်ပေါ်ထွက်လာသည့်ပစ္စည်းကိရိယာများကို နားလည်အသုံးပြု နိုင်သည့် ကျွမ်းကျင်မှုရရှိလာစေရန် အထူးလိုအပ်လာပါသည်။ အခြားနိုင်ငံများမှ မျှဝေသော အတွေ့ အကြုံများအရအဆိုပါနိုင်ငံများတွင် အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၊ နှင့် ပညာရေးကဏ္ဍများတွင် ပထဝီဝင်ဆိုင်ရာ နည်းပညာများကို လေ့လာသင်ယူရေးနှင့် သုတေသန အရင်းအမြစ်တစ်ခုအဖြစ် အလွန်လျင်မြန်တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်းသိရှိရပါသည်။ မြန်မာ နိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန (MIMU) သည် ကနေဒါနိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါ (၂) ရက်ကြာမြင့်သည့် စာတမ်းဖတ်ပွဲကို မေလ (၂၄) မှ (၂၅) အထိစီစဉ်ကျင်းပခဲ့ပါသည်။ အဆိုပါ စာတမ်းဖတ်ပွဲသို့ ပါဝင် တက်ရောက်သူ (၁၂၀) ကျော်က မြန်မာနိုင်ငံတွင် တိုးတက်ထွန်းကားလာသော ပထဝီဝင်ဆိုင်ရာနည်းပညာရပ်များအကြောင်းနှင့် အဆိုပါလိုအပ်ချက်များကိုပြည့်မီနိုင်ရန် အကောင်းဆုံး ဦးတည်ဆောင်ရွက်ရမည့် စွမ်းရည်မြှင့်သင်တန်းများနှင့်ပတ်သက်၍ ဆွေးနွေး၊ တိုင်ပင်၊ အကြံပြုခဲ့ကြ ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲသို့တက်ရောက်သည့် နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်ပေါင်း (၂၅) ခုမှ ဆရာ/ဆရာမများက

ပထဝီဝင်ဆိုင်ရာနည်းပညာရပ်များအသုံးပြုမှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို ရှင်းလင်းပို့ချခဲ့ပြီး အစိုးရဌာနများ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ကြပါသည်။ နယ်သာလန်နှင့် ထိုင်းနိုင်ငံတို့ရှိ ဦးဆောင် အဖွဲ့အစည်းများမှ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များကလည်း အဆိုပါစာတမ်းဖတ်ပွဲသို့တက်ရောက်ခဲ့ပြီး ၎င်းတို့၏အတွေ့အကြုံများ နှင့် ချဉ်းကပ်ပုံနည်းလမ်းများကို ရှင်းလင်းမျှဝေခဲ့ကြပါသည်။ စာတမ်းဖတ်ပွဲမှ အဓိကစူးစမ်းလေ့လာရန် သဘောတူဆုံးဖြတ်ခဲ့သည့် အချက်များမှာ မြန်မာနိုင်ငံရှိ ပထဝီဝင်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများသည် ယနေ့ခေတ် ပညာရေးကဏ္ဍ၊ အစိုးရ ကဏ္ဍ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများ၏ လိုအပ်ချက်များကို အမှန်တကယ်ဖြည့်ဆည်းနိုင်ခြင်း ရှိ/မရှိ အဆက်မပြတ် တိုးတက်ထွန်းကားလျက်ရှိသော ပထဝီဝင်ဆိုင်ရာလုပ်ငန်းနယ်ပယ်များနှင့် အညီ အနာဂတ်ကာလလိုအပ်ချက်များ၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပြည့်မီနိုင်စေရန်အတွက် လေ့ကျင့် သင်ကြားရေးအဖွဲ့အစည်းများ၊ သင်တန်းကျောင်းများနှင့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အကောင် အထည်ဖော်ဆောင်သင့်သည့် ခြေလှမ်းများ စသည်တို့ဖြစ်ပါသည်။